
## ထိကရုန်းကြီး

Scientific name - *Mimosa diplotricha* Sauvalle

Common name - Giant sensitive plant

Family - Fabaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံ ပင်ပျော့ချုံပင်မျိုးဖြစ်သည်။ အသက်ကြီးလာလျှင် သစ်မာဖြစ်လာသည်။ ပင်စည်ထောင့်ပါသည်။ မြေမျက်နှာပြင်နှင့်ယှဉ်ပေါက်ပြီး ၁ - ၂မီတာခန့် မြင့်သည်။ အောက်ဘက်သို့ ကွေးနေသည့် ဆူးများထူထပ်စွာရှိသည်။ အမြစ်များသည် များစွာကိုင်းဖြာပြီး အမြစ်ဖုများပါရှိသည်။ ငှက်မွေးရွက်ပေါင်း တစ်ခုလျှင် အညှာမဲ့ရွက်မြွာလေးများ ၁၂ - ၃၀စုံ ပါရှိသည်။ ၎င်းရွက်မြွာတို့သည် မျက်နှာချင်းဆိုင်ထွက်ပြီး လှံပုံရှိသည်။ ထိခိုက်မိပါက အရွက်များပိတ်သွားသည်။ ပန်းခိုင်သည် အညှာပါသော ရင်းတူထိပ်ညီပန်းခိုင်ဖြစ်ပြီး ပန်းရောင်သန်းသောခရမ်းရောင် အပွင့်လေးများပါရှိသည်။ သီးတောင့်သည် ပြားချပ်ရှည်မျော့မျော့ပုံရှိပြီး အမွေးပါရှိသည်။ အစေ့သည်ပြားပြီး တောက်ပသော ဝါညိုရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။